# အနုပဿနာဉာဏ်ဖြင့် ပယ်အပ်သောတရားများ

(က) **စွဲလမ်းတတ်သော တရား (၃) ပါး**

မာန, တဏှာ, ဒိဋ္ဌိသာ မှတ်ပါစွဲလမ်းတတ်။

(ခ) **စွဲလမ်းသော အခြင်းအရာ (၃) ပါး**

ဧသောဟ မသ္မိ၊ ဧတံ မမ၊ ဧသော မေ အတ္တာ၊ ဤသုံးဖြာ ခြင်းရာသုံးပါးမှတ်။

(ဂ) **စွဲလမ်းရာ ဝတ္ထု (၃) ပါး**

နိမိတ္တ, ပဏိဟိတ, အတ္တဇီဝါ ဤသုံးဖြာ စွဲရာဝတ္ထုမှတ်။

(ဃ) **အစွဲလမ်းကို ပယ်ဖျောက်တတ်သော အနုပဿနာဉာဏ် (၃) ပါး**

အနိမိတ္တ, အပ္ပဏိဟိတာ, သုညတာ မှတ်ပါပယ်ဖျောက်တတ်။

ပုဂ္ဂိုလ်, သတ္တဝါ၊ ငါ သူတပါး၊ ယောကျ်ား မိန်းမ၊ ဦးခေါင်း စသား၊ ဖြစ်များ၊ မှတ်သား **နိမိတ္တ**။

လှပတင့်တယ်၊ ဆန်းတကြယ်နှင့်၊ ဖွယ်ရာလျောက်ပတ်၊ ကောင်းမြတ်ချမ်းသာ၊ မင်္ဂလာကျက်သရေ၊ မက်ဖွယ်တွေ၊ မှတ်လေ **ပဏိဟိတ**။

ပြုတတ်ကြံတတ်၊ ပြောဆိုတတ်နှင့်၊ သိမှတ်ခံစား၊ ပြောင်းသွားကျင်လည်၊ **အတ္တ**မည်၏၊ အရှည်နှစ်,လ၊ တည်သမျှ၊ **ဇီဝ**မှတ်လေကြ။

(ဘာဝနာဒီပနီ၊ ၁၅၊ ဒီပနီပေါင်းချုပ်၊ ဒုတိယတွဲ)

ထေရဝါဒ ကမ္မဋ္ဌာန်းလမ်းစဉ် - ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၇) ရက်
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မေတ္တာနန္ဒဆရာတော် ဦးဃောသိတာဘိဝံသ (USA)
https://winmetta.org